ချောင်းနှုခွကျေးရွာအုပ်စု၊ဘုရားကုန်းကျေးရွာ

ကျိုက်မရောမြို့နယ်

မွန်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုရားကုန်းကျေးရွာ၊ ကျိုက်မရောမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ ———————— လ

Scanned by CamScanner

# ချောင်းနှစ်ခွကျေးရွာအုပ်စု၊ဘုရားကုန်းကျေးရွာ

# ကျိုက်မရောမြို့နယ်

# မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုရားကုန်းကျေးရွာ၊ကျိုက်မရောမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျိုက်မရောမြို့နယ်)

၂၀၂၀ ခုနှစ်၊မေလ



Scanned by CamScanner

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၄ |
| | ဘုရားကုန်းကျေးရွာ သယံဇာတပြမြေပုံ၊ ကျိုက်မရောမြို့နယ် | ၆ |
| | ရာသီခွင်ပြက္ခဒိန် | ၇ |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၈ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၈ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၉ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၀ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၁၀ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၂ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၂ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၂ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၂ |
| ၆။ | ပညာရေး | ၁၃ |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | ၁၅ |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၅ |
| ၉။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၅ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၇ |
| | | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၉ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၀ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၆၀ |
| | နောက်ဆက်တွဲ(၄)ဘုရားကုန်းကျေးရွာ၏ဦးစားပေးစီမံချက်(လုပ်ငန်း) အမှတ်ပေးဇယား | ၆၃ |
| | နောက်ဆက်တွဲ(၅)ဘုရားကုန်းကျေးရွာ၏ဦးစားပေးစီမံချက်လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ | ၆၄ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ ပုံစံ | ၆၅ |




Scanned by CamScanner

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို



Scanned by CamScanner

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မေလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဘုရားကုန်းကျေးရွာ
ကျိုက်မရောမြို့နယ်



Scanned by CamScanner

## ဘုရားကုန်းကျေးရွာ သယံဇာတပြမြေပုံ၊ ကျိုက်မရောမြို့နယ်





Scanned by CamScanner





Scanned by CamScanner

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဘုရားကုန်းကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ် ၏ ချောင်းနှစ်ခွကျေးရွာအုပ်စုတွင်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ရာဘာခြံ ၊ အနောက်ဘက်တွင် လယ်ယာ၊ တောင်ဘက်တွင် သုသာန်၊ မြောက်ဘက်တွင် လယ်ယာရှိပါသည်။ ကျေးရွာတွင် ကရင်တိုင်းရင်းသား အများစုနေထိုင်ကြပြီး ရှမ်း၊ မွန် လူမျိုးများအနည်းစု နေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာပူအိုက်စိုစွတ်သော ရာသီဥတုဖြစ်ပြီး အပူအအေး မျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၃၄၀) ဧက ရှိပါသည်။ ဥယျာဉ်ခြံမြေ (၁၆၄၃.၅)ဧက စုစုပေါင်း (၆၀၅)ဧကရှိပါသည်။ လယ်မြေများတွင် စပါးများ စိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေများတွင် ရာဘာပင်များ စိုက်ပျိုးကြပါသည်။ အိမ်ခြံမြေများတွင်လည်း ဟင်းသီးဟင်းရွက်များအသီးအနှံကို ဝမ်းစာဖူလုံရန်အတွက် အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဘုရားကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေအရ အုပ်ချုပ်ရေးအဖွဲ့၊စာသင်ကျောင်း အကျိုးတော် ဆောင်အဖွဲ့၊ကြက်ခြေနီအဖွဲ့၊လူငယ်အဖွဲ့၊ သာရေးနာရေးအဖွဲ့၊ ကရင်စာပေယဉ်ကျေးမှုအဖွဲ့နှင့် အရံမီးသတ် အဖွဲ့ စသည့်အဖွဲ့များသည် လူမှုဖွံ့ဖြိုးရေး ဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်း ပါဝင်လုပ်ကိုင်ကြပါသည်။ ဘုရားကုန်းကျေးရွာတွင် ငွေကြေးကိစ္စရပ်နှင့်လုံခြုံရေး၊ ကာကွယ်ရေး ဆိုင်ရာ ကိစ္စရပ်များတွင် အခက်အခဲများတွင် ကျေးရွာမှ တက်အားသရွေ့ စုပေါင်းကူညီကြပါသည်။ဘုရားကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးနှင့် အခြားကိစ္စရပ် ဆောင်ရွက်နေ သော ကျေးရွာပြင်ပအဖွဲ့အစည်းများ အနေဖြင့် ကြက်ခြေနီအဖွဲ့မှ ကျန်းမာရေးကိစ္စအပြင် ချေးငွေထောက်ပံ့ပေးထား ပါသည်။

ဘုရားကုန်းကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေမှု အနည်းငယ်သာရှိကြပါသည်။ကျေးရွာတွင် အမျိုးသမီးများအနေဖြင့်အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်းအကြမ်းဖက်မှုများတွင် ကာကွယ်ရမည့်တရားနည်းဥပဒေဆိုင်ရာအသိပညာများ ဆိုင်ရာအခြေခံသဘောတရားများကို အနည်းငယ်သာသိရှိကြပါသည်။



Scanned by CamScanner

## ၄။ စီးပွားရေးနှင့် မွေးမြူမှုအခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ဘုရားကုန်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၁၇)စု ရှိပါသည်။ ဘုရားကုန်းကျေးရွာတွင် ၁၂.၅ ဧကအထက်ပိုင်ဆိုင်သည့် တောင်သူကြီး အိမ်ထောင်စုများမရှိပါ။ ကျေးရွာတွင် ရဲဆင်းသားတောင်သူ(၈၅)အိမ်ထောင်စု၊ တောင်သူငယ်(၄၀)အိမ်ထောင်စု၊ တောင်သူလတ် အိမ်ထောင်စု(၁၆)စု ရှိပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးတွင် မိုးရေ၊ ချောင်းရေနှင့် ရေသွင်းမြောင်းကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ လယ်ဧကများသည် မိုးတွင်းအခါ တစ်ခါတစ်ရံရေကြီး ရေလျှံမှုများဖြစ်ပေါ်လာပါက စိုက်ပျိုးထား လယ်ကွင်းများ ရေမြုပ်၍ လယ်သမား အနည်းငယ်အရှုံးပေါ် လေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာသည် ဆန်စပါးကိုသာအဓိကထား စိုက်ပျိုးကြပါ သည်။ ဘုရားကုန်းကျေးရွာ၏ စုစုပေါင်းစိုက်ဧကမှာ (၃၄၀)ဧကရှိသော်လည်း မိုးရေကိုသာစိုက်ပျိုးရသောကြောင့် လယ်သမားများအနေဖြင့်အခက်အခဲဖြစ်ပေါ်ပြီး စုစုပေါင်းစိုက်ဧက (၂၀၀) ခန့်သာ စိုက်ပျိုးနိုင်ကပါသည်။ ဥယျာဉ်ခြံအနေဖြင့် ရော်ဘာ(၁)ဧကစိုက်ပျိုးကြပြီးတစ်ဧက ပျှမ်းမျှမ်းထွက်နှုန်း(၉)ပေါင်ထွက် ရှိပါသည်။ ဘုရားကုန်း ကျေးရွာ၏ စပါးအထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတု အခြေအနေ ပေါ်မူတည်ပြီး အထွက်နှုန်းမှာ ပျှမ်းမျှ အနေဖြင့် တစ်ဧကလျှင် (၄၀) တင်းခန့် ထွက်ရှိပါသည်။

ဘုရားကုန်းကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမရှိသော်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သော အိမ်ထောင်စုများသည် ကျေးရွာအနီးအနားရှိ ထွန်းစက်နှင့် ရိတ်သိမ်းခြွေ လှေ့စက်များကို ငှားရမ်းလုပ်ကိုင်ကြပါသည်။ လယ်သမား အိမ်ထောင်စုအနည်းငယ်သာ ကိုယ်တိုင်ကိုယ်ကျ ထွန်ယက်၊ စိုက်ပျိုး ကြပါသည်။ ကျေးရွာတွင် လက်တွန်းထွန်းစက်တစ်ဦးချင်းပိုင်(၃၅)စီးရှိပြီး ကျန်ရှိသော အိမ်ထောင်စု(၃၀)စုမှာ ငှားရမ်းလုပ်ကိုင်ကြရသည်ကို လေ့လာတွေ့ရှိရပါသည်။အချို့သောအိမ်ထောင်စုများသည် လူဖြင့် ရိတ်သိမ်းကြပြီး နွားများဖြင့် စပါးခြွေကာသဘာဝလေများဖြင့် စပါးလှေ့ခြင်းဖြင့် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ဘုရားကုန်းကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးစေရန် အတွက် အခွင့်အလမ်းအနည်း ငယ်သာရှိပါသည်။

ကျေးရွာတွင်စပါးစိုက်ပျိုးရာတွင် မိုးတွင်းအခါ ရေကြီးရေလျှံမှု နှင့်ဖျက်ပိုးရောဂါများရှိသဖြင့် ဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။ ဘုရားကုန်း ကျေးရွာတွင် သီးနှံထုတ်လုပ်မှုနှင့် ပတ်သက်၍ အခက်အခဲများရှိပါသည်။ ကျေးရွာတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရာတွင် အဝယ်ဒိုင်၏ တက်ဈေး /ကျဈေးသတ်မှတ်သည်အပေါ်တွင် ရောင်းချနေရပါသည်။



Scanned by CamScanner

## (ခ) မွေးမြူရေးလုပ်ငန်း

ဘုရားကုန်းကျေးရွာတွင် နွား(၂၈)အိမ်ထောင်စု (၅၀)ကောင်ရေ၊ ဝက်(၁၀၃) အိမ်ထောင်စု ကောင်ရေ(၂၂၀)ကောင်၊ ကြက်(၈၀)အိမ်ထောင်စု(၂၄၅)ကောင်နှင့်၊ ဘဲ(၂၆) အိမ်ထောင်စု ကောင်ရေ(၈၀)ကောင်စသည့် ဒေသနှင့်ကိုက်ညီသော တိရိစ္ဆာန်မွေးမြူရေး တို့အား ဝမ်းစာဖူလုံမှုတစ်ပိုင် တစ်နိုင်သော မွေးမြူကြပါသည်။ဘုရားကုန်းကျေးရွာတွင် တိရစ္ဆာန်များလွတ်လပ်စွာ အစာရှာစား နိုင်သည့် စားကျက် မြေအနည်းငယ်သာရှိပါသည်။ မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ် ဆေးထိုးခြင်း ဝန်ဆောင်မှုများ ရယူရန်အတွက် မွေး/ကု ဦးစီးဌာနသို့ သွားရောက်ရန်ဝေးကွာသောကြောင့် မွေးမြူရေး လုပ်ငန်းပိုင်တွင် အခက်အခဲအနည်းငယ်ရှိပါသည်။ ဘုရားကုန်းကျေးရွာတွင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ လိုအပ်နေ ပါသည်။

ဘုရားကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြသဖြင့် ရေနှင့်ပတ်သက်သော အခက်အခဲများ မရှိပါ။ ကျိုက်မရောမြို့၊မုဒုံမြို့တို့နှင့် သွားလာရလွယ်ကူ သောကြောင့် မျိုးတိရိစ္ဆာန်ရရှိမှု၊ အစာနှင့်ဆေးများကို အလွယ်တကူ ရနိုင်သည့်အပြင် တိရစ္ဆာန်များကိုလည်း အိမ်ခြံ ဝင်းအတွင်း မြေနေရာ လုံလောက်မှု အသင့်အတင့်ရှိသဖြင့် မွေးနိုင်ခြင်း ဖြစ်ပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရန်အတွက် မိတ်ဆွေ၊ဆွေမျိုးများတွင် ချေးငွေအသင့်အတင့် ရနိုင်ပါသည်။ ဘုရားကုန်းကျေးရွာ တွင် စားကျက်မြေနှင့် မြေလွတ်မြေလပ်မရှိသည့် အတွက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာတွင် မိမိတို့ အိမ်ခြံ ဝင်း အတွင်းသာ မွေးမြူနိုင်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဘုရားကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ မိုးစိုက်ပျိုးခြင်း ဆောင်ရွက်နိုင်သော်လည်း ချောင်း၊ရေသွင်းမြောင်းများဖြင့် သီးနှံနှစ်သီးစားစိုက်ပျိုးကြ ပါသည်။ စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းဆောင်ရွက်သူသည့် အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ဘုရားကုန်းကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ် သော အသက်မွေးဝမ်းကျောင်း လုပ်ကိုင် နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်း ကျောင်းနည်းပညာဆိုင်ရာ လက်သမား၊ပန်းရံ လုပ်ကိုင်သော အိမ်ထောင်စုအနည်းငယ်ရှိ ပါသည်။ ဘုရားကုန်းကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် အိမ်ထောင်စုအနည်းငယ်မှာ မိမိတို့အသက်မွေးဝမ်းကျောင်းနှင့်ကိုက်ညီသည့် ကျေးရွာ ပြည်ပဖြစ်သော မုဒုံမြို့နှင့်တခြားကျေးရွာသို့ နေ့ချင်းပြန်ခရီးဖြစ်သွားရောက်လုပ်ကိုင်ကြပြီး တချို့အိမ် ထောင်စုမှာ ကုန်စိမ်းနှင့်သားငါးများ လှည့်လည်ရောင်း၍ဝမ်းရေးကိစ္စဖြေရှင်း



Scanned by CamScanner

နေရပါသည်။

ဘုရားကုန်းကျေးရွာတွင် ပြည်ပနိုင်ငံသွားရောက်လုပ်ကိုင်သည့် လူဦးရေ (၁၂၀)ဦးတို့ လုပ်ကိုင်ပါသည်။ဘုရားကုန်းကျေးရွာတွင် ပြည်ပသို့သွားရောက် လုပ်ကိုင်ကြသောသူများသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့်ဝင်ငွေအခွင့်အလမ်းများ ရှာဖွေရန်အတွက် အိမ်ထောင်စု(၁၁၈)စု သွား ရောက် ကြခြင်းဖြစ်ပါသည်။ထိုအပြင် ပြည်တွင်းအနေဖြင့် မ(၂)ဦးမှာလည်း ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေရန်အတွက် ကျေးရွာပြင်ပ ပြည်တွင်း၌ပင် သွားရောက်လုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရားကုန်းကျေးရွာတွင် မိမိသက်ရောက်သော အသက်မွေးဝမ်းကျောင်း ပညာရပ် နှင့် ကိုက်ညီသောစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်၍ သွားရောက်လုပ်ကိုင်ကြခြင်းများ လည်း ဖြစ်ပါသည်။

ဘုရားကုန်းကျေးရွာတွင် ပြည်ပသို့ သွားရောက်လုပ်ကိုင်သော လူဦးရေမှာ ကျေးရွာ၏ သုံးပုံတစ်ပုံ ခန့်ရှိပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသား၊အမျိုးသမီးအများစုမှာ ပြည်ပသို့သွား ရောက်၍ အလုပ်လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေအဖြင့် ထောက်ပံ့ပေးနေမှုများကို တွေ့မြင် ရပါသည်။ ကျေးရွာတွင် မိသားစုများပြန်လည်မှီခိုရာတွင် ပြန်ပို့ငွေအားငွေလွှဲလုပ်ငန်း (ဟွန်ဒီ)ဖြင့်လည်း ကောင်း၊ ဘဏ်များဖြင့်လည်းကောင်း အိမ်ထောင်စုအနည်းငယ်မှာ လူကြုံဖြင့်လွှဲပို့ခြင်းဖြင့်လည်းကောင်း ပြန်ပို့ငွေအား မှီခိုအသုံးပြုကြပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ဘုရားကုန်းကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ လက်သမား ၊ ပန်းရံ အသက် မွေးဝမ်းကျောင်းလုပ်ကိုင်နေသူများနှင့် ကျပန်းလုပ်သားများသည် ချေးငွေဝန်ဆောင်မှုများ အနေဖြင့်ဝန်ဆောင်မှုမရရှိသေးပါ။ ကျေးရွာတွင် အိမ်ထောင်စုများ အနေဖြင့် အရေးကြီးငွေလိုအပ်ပါက အပေါင်ခံ ပစ္စည်းပြ၍ အတိုးနှုန်းကြီးမြင့်စွာ ချေးယူရပါသည်။

ဘုရားကုန်းကျေးရွာတွင် ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုဆိုင်ရာအခြေအနေအရ ကျေးရွာတွင် ချေးငွေဆောင်ရွက်ပေးသော အဖွဲ့အစည်း/ပုဂ္ဂလိကများနှင့် မတည်ရန်ပုံငွေဆောင်ရွက်ပေးသော ဦးစီးဌာနများ မရှိပါ။ထို့ကြောင့် ကျေးရွာတွင် အတိုးနှုန်းတက်သာစွာဖြင့် ဆောင်ရွက်ပေးသော ချေးငွေဝန်ဆောင်မှု/ပုဂ္ဂလိက အဖွဲ့အစည်းနှင့် ဦးစီးဌာနများမှ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**



Scanned by CamScanner

ဘုရားကုန်းကျေးရွာတွင် ဆိုင်ကယ်(၅၀)စီး၊ စက်ဘီး(၂၀ )စီး၊သုံးဘီးဆိုင်ကယ်(၃)စီး၊ ကား(၃)စီးဖြင့် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေကြပြီး စိုက်ပျိုးရေးလုပ်ငန်းများ တွင် ထော်လာဂျီ(၅)စီးနှင့် လှေ၊သမ္ဗာန် (၁၀)စီးတို့ကို အသုံးပြုကြပါသည်။ ဘုရားကုန်းကျေးရွာ၏ ရွာတွင်းလမ်းမကြီးနှင့် လမ်းသွယ်များမှာ မြေသားလမ်း ဖြစ်ပါသည်။ကျေးရွာ၏ လမ်းသွယ်တစ်လမ်းမှာ ဂဝံမြေသားလမ်းဖြစ်သော ကြောင့် ကွန်ကရစ်လမ်း ခင်းပေးရန်လိုအပ်ပါသည်။ရွာချင်းဆက်လမ်းမှာလည်း မြေသားလမ်းဖြစ်သောကြောင့် ကျောက်ချောလမ်း ခင်းပေးရန်နှင့် ချဉ်းကပ်လမ်းမှာ ကတ္တရာလမ်း များဖြစ်၍ တစ်နှစ်ပတ်လုံး သွားလာရ လွယ်ကူပါသည်။

ဘုရားကုန်းကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မရှိပါ။ ကျေးရွာတွင် ကွန်ကရစ်တံတား တံတားတည်ဆောက်မှုအခြေအနေအရ ကျေးရွာ တွင် အခက်အခဲမရှိပါ။ဘုရားကုန်းကျေးရွာသည် ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် သွားလာမှုများ မရှိပါ။ ကုန်းကြောင်းဖြင့်သာ သယ်ယူပို့ဆောင်မှုများ ဆောင်ရွက်ကြပါသည်။ဘုရားကုန်းကျေးရွာသည် ကျေးရွာဈေးမရှိပါ။ဘုရားကုန်းကျေးရွာနှင့် အနီးဆုံးဈေးမှာ ချောင်းနှခွဈေးဖြစ်ပြီး သားငါးနှင့် မီးဖိုချောင်သုံးပစ္စည်းများကို ရရှိနိုင်ပါသည်။ထိုအပြင် မီးဖိုချောင်သုံးပစ္စည်းများ အဝတ်အထည်များ အိမ်ဆောက်ပစ္စည်းအနည်းငယ် ဝယ်ယူနိုင်ရန် အတွက် ကျိုက်မရော ဈေး/မုဒုံဈေးသို့ သွားရပါသည်။ ဘုရားကုန်းကျေးရွာမှ အကြီးစားဈေးကွက်အား မော်လမြိုင်မြို့သို့ (၂၀)မိုင်ကျော်ကွာဝေး သော်လည်း သွားလာရေး အနည်းငယ် ခက်ခဲစေပြီး ဝန်ဆောင်မှုအစုံ၊ ပစ္စည်းစုံရယူရန် အတွက် မော်လမြိုင်မြို့မဈေးသို့ သွားရောက်ရပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ဘုရားကုန်းကျေးရွာတွင် အိမ်ထောင်စု(၁၂၀)စုတို့သည် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပါသည်။ကျေးရွာတွင် ငွေကြေးမတက်နိုင်သောကြောင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး မသုံးစွဲနိုင်သောကြောင့် ဆိုလာသုံးစွဲသော အိမ်ထောင်စု (၃၈)စု ရှိပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဘုရားကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊ ရေဒီယို၊ တီဗွီ၊ဂြိုလ်တု စလောင်းစသည်တို့မှ ရရှိပါသည်။ ဆက်သွယ်ရေးအနေဖြင့် ကျေးရွာအနီးတွင် ဖုန်းတာဝါတိုင် တစ်ခုရှိပါသည်။ ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ ရယူသုံးစွဲမှု အခြေအနေဖုန်း၊ရေဒီယို၊ဂြိုယ်တုစလောင်းတို့မှ လိုင်းသုံး၍ သတင်းအချက်အလက်လွယ်ကူစွာရရှိပါသည်။



Scanned by CamScanner

ဘုရားကုန်းကျေးရွာအနီးတွင် ဆက်သွယ်ရေးတာဝါတိုင်မှ MPT, Orredoo, Telenor လိုင်းများ တည်ဆောက်ထားသောကြောင့် ဆက်သွယ်ရေးအနေဖြင့် အခက်အခဲ မရှိပါ။ လူထုအခြေပြုသဘာဝ ဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်နှင့် မှုခင်းများ ကာကွယ်တားဆီးလျှော့ချရေး အတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း အနေဖြင့် ကျေးရွာတွင်အသိပညာပေးပို့စတာချိတ်ဆွဲခြင်း ကျေးရွာအုပ်ချုပ်ရေးမှူးသို့ တိုင်ကြားပြီး ရဲစခန်းသို့သွားရောက်တိုင်းကြားပါက ကျေးရွာသို့လာရောက်၍ ဝန်ဆောင်မှုပေးပါသည်။

## ၆။ ပညာရေး

ဘုရားကုန်းကျေးရွာတွင် စာမတက်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၃၇၄)ဦး အထိများပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၀၃)ဦး၊ အထက်တန်းအဆင့်စာတတ်မြောက်သူများမှာ (၃၉)ဦး နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၂၆)ဦး ရှိပါသည်။အထက်တန်းအဆင့်ရှိသော အတန်း ပညာ ပြီးမြောက်သောလူငယ်အချို့မှာ မိသားစုစားဝတ်နေရေးအခြေအနေကြောင့် ပြည်ပသို့သွားရောက် လုပ်ကိုင်ကြရပါသည်။ဘုရားကုန်းကျေးရွာတွင် အထက်တန်းပညာရေးအခြေအနေတွင် ဘာသာရပ်ပြဆရာ(၁)ဦး /ဆရာမ(၁)ဦးဖြင့် ပညာသင်ကြားနေရသော အခြေအနေတွင် ဆရာ/ဆရာမထပ်မံလိုအပ်ချက် ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ဆင်းရဲသောမိသားစုအတွက်ကျောင်းစရိတ်မတက်နိုင်မှုမှာ အသင့်တင့် ရှိပါသည်။ထိုအပြင် ကျေးရွာတွင် ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု အားနည်းလျက်ရှိ ပါသည်။

ဘုရားကုန်းကျေးရွာတွင် မူလတန်းကျောင်းရှိပြီး စာသင်ကြားရာတွင် ဆရာ(၁)ဦးနှင့်ဆရာမ(၄)ဦးရှိပါသည်။ ကျေးရွာတွင် စာသင်ကြားရာတွင် ကျောင်းသုံးပရိဘောဂမလုံလောက်မှုကြောင့် အနည်းငယ်၏အခက်အခဲ ရှိပါသည်။ ဘုရားကုန်းကျေးရွာတွင် မူလတန်းပညာပြီး မြောက်ပါက အုပ်စုကျေးရွာဖြစ်သော ချောင်းနှစ်ခွကျေးရွာသို့ သွားရောက်၍ ဆက်လက်ပညာသင်ကြားရပါ သည်။

ဘုရားကုန်းကျေးရွာသည် ချောင်းနှစ်ခွကျေးရွာအုပ်စုတွင် အထက်တန်းကျောင်းခွဲ (၁)ကျောင်းရှိပါသည်။ ကျောင်းသား/ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအထိပညာ သင်ကြား ရာတွင် အခက်အခဲမရှိပါ။ သို့ရာတွင်ကျောင်းသား/သူအနည်းငယ်မှာအထက်တန်းပညာပြီး မြောက်ပါက တက္ကသိုလ်/ကောလိပ်ကျောင်းသို့သွားရောက်ပညာသင်ကြားရာတွင် ငွေကြေးနှင့်သွားရေး လာ ရေးအခက်အခဲ အနည်းငယ်ပါသည်။ ဘုရားကုန်းကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများအနေဖြင့် အထက်တန်းပညာသင်ကြားရာတွင် မုဒုံဘော်ဒါဆောင်တွင်သွားရောက် ပညာသင်ကြားကြရပါသည်။



Scanned by CamScanner

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဘုရားကုန်းကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ရာသီပေါ်တုပ်ကွေး ရောဂါများဖြစ်ပွားပါက မြင့်မားလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင် တစ်ခါတစ်ရံ ငှက်ဖျားရောဂါများသည် မိုးရာသီတွင် အဖြစ်များသော်လည်း ချောင်းနှစ္ ကျေးလက်ကျန်းမာရေး ဌာနခွဲသို့ သွားရောက် ကုသကြသဖြင့်သက်သာ ပျောက်ကင်းကြ ပါသည်။ ဘုရားကုန်းကျေးရွာတွင် ကျန်းမာရေး အနေဖြင့် ရေးပေါ်အခြေအနေ တစ်ရပ်ဖြစ် ပေါ်ပါက ပရဟိတအဖွဲ့မှအရေးပေါ်ကားဖြင့် လာရောက်ကူညီ ဆောင်ရွက်ပေးသည့် အခြေ အနေမျိုးရှိပါသည်။

ဘုရားကုန်းကျေးရွာအား ချောင်းနှစ္စကျေးလက်ကျန်းမာရေးဌာနခွဲမှ ခလေး ငယ်များကို ကာကွယ်ဆေးများ နှစ်စဉ်လာရောက်ထိုးနှံ တိုက်ကျွေးကြပါသည်။ ထိုအပြင် ကျေးရွာတွင် အဆုတ်ရောဂါခံစား နေရသောသူ အနည်းငယ်ရှိပါသည်။ တစ်ခါ တစ်ရံကျန်းမာရေး ပညာပေးအစီအစဉ်နှင့် ပိုစတာများအား လူစည်းကားသည့်နေရာ များတွင် ချိတ်ဆွဲထားပါသည်။ဘုရားကုန်းကျေးရွာတွင် အုပ်စုကျေးရွာဖြစ်သော ချောင်းနှစ္စ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သားဖွားဆရာမတစ်ဦးရှိပါသည်။ ကျေးရွာတွင် အဆင် ပြေသောအိမ်ထောင်စုများ အနေဖြင့် မုဒုံပုဂ္ဂလိက ဆေးရုံသို့ သွားရောက်၍ဆေးကုသခံယူရ ပါသည်။ ဘုရားကုန်းကျေးရွာတွင်းရှိ အရေးကြီးလူနာ ရှိလာပါက ၁၀မိုင်ခန့်ပါကွာဝေးသော ကျိုက်မရောမြို့မဆေးရုံနှင့် ၁၀မိုင်အထက် ကွာဝေးသော မော်လမြိုင်မြို့မ ဆေးရုံကြီးသို့ ပို့ဆောင်ပေး နိုင်ပါသဖြင့်ကျန်းမာရေး နှင့် ပတ်သက်သည့် အခက်အခဲများ မရှိ ပါ ။

ဘုရားကုန်းကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းကိုသာ အဓိက ထား အသုံးပြုလျှက် ရှိပါသည်။ကျေးရွာတွင် လက်တူးတွင်း (၁၁၇)တွင်းရှိပြီး အဝေစီတွင်း တစ်တွင်းနှင့် စင်မြင့်ရေစင်(အိမ်သွယ်ရေတိုင်စနစ်အား) အကောင်အထည်ဖော်ဆောင်ရွက် ပေးရန် လိုအပ်လျက်ရှိပါသည်။ဘုရားကုန်းကျေးရွာတွင် သန့်ရှင်းသော ရေလောင်း ယင်လုံ အိမ်သာသုံးစွဲသော အိမ်ထောင်စု (၈၅)စု ကျန်းမာရေးအသိပညာရှိစွာ အသုံးပြုကြပါသည်။ ဘုရားကုန်းကျေးရွာတွင် အမှိုက်စွန့်ပစ်စနစ်သီးခြား သတ်မှတ်ခြင်း မျိုးမရှိဘဲ ကျေးရွာတွင် နေအိမ် ထောင်စုများ မိမိအိမ်ပတ်ဝန်းကျင်သန့် ရှင်းစေရန်အတွက် အဆင်ပြေသည့် နည်းလမ်းသုံး၍မီးရှို့ဖျက်စီး ကြပါ သည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဘေးအန္တရာယ်အနေဖြင့် ဘုရားကုန်းကျေးရွာတွင် မိုးတွင်းအခါတောင်စမ်း ချောင်းမှ တောင်ရေလိပ်ခြင်း၊ ရေကြီးရေလျှံဖြစ်ပေါ်တက်ခြင်းများ တစ်ခါတစ် ရံ ဖြစ်ပေါ်



Scanned by CamScanner

တက်ပါသည်။ ဘုရားကုန်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု(၅)စုအနေဖြင့် ထိခိုက်သက်ရောက်လွယ်မှုကြုံလာပါက မြင့်မားလျက်ရှိနိုင်ပါသည်။ ထို့အပြင် ကျေးရွာ တွင် ပြည်ပမှပြန်လာ၍ လုပ်ကိုင်ရာဖွေ၍ စားသောက်ကြသော အိမ်ထောင်စုအနည်းငယ်မှာစီးပွားရေး အနေဖြင့် ထိခိုက်သက်ရောက်လွယ်မှုမှာ နိမ့်လျက်ရှိပါသည်။ ကျေးရွာတွင် လက်လုပ်လက်စား ကျပန်းများ အနေဖြင့် သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်ပါက ထိခိုက်သက်ရောက်မှုမှာ မြင့်မားလျက် အဆင့်ရှိ ပါသည်။ ဘုရားကုန်းကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များမရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသော ကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။ ဘုရားကုန်းကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေ များသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၅)စုနှင့် မိသားစု/ရပ်ရွာ၏စောင့် ရှောက်မှုမရှိသော မသန်စွမ်း သည့် ပုဂ္ဂိုလ်(၂)ဦးရှိပြီး နီးစပ်ရာဆွေမျိုးများနှင့် ကျေးရွာအတွင်းရှိရပ်မိရပ်ဖ များက ဝိုင်းဝန်း ကူညီကြ သည်ကို လေ့လာတွေ့ရှိရပါသည်။ထို့အပြင် ကျေးရွာတွင် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု(၃၀)စု ခန့်ရှိပါသည်။

ဘုရားကုန်းကျေးရွာတွင် သဘာဝဘေးအန္တရာယ် ဆိုးရွားသည့် အခြေအနေမျိုးမရှိပါ။ သို့ရာတွင် မိုးတွင်းအခါတွင်ရေကြီးရေလျှံတက်မှုကြောင့် လယ်ယာစိုက်ပျိုးထားသော စပါးပင်များ ရေမြုပ်၍ လယ်သမားများနှင့်နေ့စား/ ကျပန်းလုပ်ကိုင်သော အိမ်ထောင်စုအနည်းငယ်သာ သဘာဝဘေးအန္တရာယ် အနေဖြင့် အနည်းငယ်ထိခိုက်နိုင်ပါသည်။ ဘုရားကုန်းကျန်းမာရေးနှင့် ပတ်သက် ၍ မိုးရာသီ ရာသီပေါ်တုပ်ကွေးဖျားနာခြင်း၊ ငှက်ဖျားရောဂါ ဖြစ်ပွားခြင်း၊ ဝမ်းပျက်ဝမ်းလျော ရောဂါဖြစ်ပွား ခြင်း အနည်းငယ် ရှိပါသည်။ ကျေးရွာသူ/သားများ သည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်း ပဋိပက္ခများ မရှိပါ။ ရာသီ ကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါစသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွား လေ့ရှိပြီး ကြက်နာ ရောဂါများ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။ဘုရားကုန်းကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဘုရားကုန်းကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ကိုင် နေ့စားအလုပ်သမားများ၏တစ်နေ့လုပ်အားခမှာ ကျား/၇၀၀၀မ/၅၀၀၀ကျပ်နှုန်း ရရှိပါသည်။



Scanned by CamScanner

ဘုရားကုန်း ကျေးရွာတွင် ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ အနေအထားမှာ ကျားနှင့်မကြား ခွဲခြား နှိမ့်ချဆက်ဆံမှုများ မရှိဘဲတန်းတူညီမျှ အတူတကွနေထိုင်ကြပါသည်။ ကျေးရွာအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုအပိုင်းတွင်အမျိုးသမီးများအနေဖြင့် ပါဝင်ဆောင်ရွက်မှု အခြေအနေများ အနည်းငယ်ရှိပါသည်။

ဘုရားကုန်းကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီး များ တက်ကြွစွာပါဝင်ဆောင်ရွက်နေမှု အနည်းငယ်သာ ရှိကြပါသည်။ ကျေးရွာတွင် အမျိုး သမီးများအနေဖြင့် အမျိုး သမီးအကြမ်း ဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ ဆိုင်ရာအခြေခံသဘောတရား များကို အနည်းငယ်သာသိရှိကြပါသည်။



Scanned by CamScanner

ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ဘုရားကုန်း | | | ကျေးရွာအမည် - ဘုရားကုန်း | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁။ | အခြေခံအဆောက်အဦ | ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း | ကျေးရွာလမ်းဟောင်းအား (၅၅၀'x၁၂'x၆")ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း | |
| ၂။ | ပညာရေး | ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင | စာသင်ကျောင်းခြံစည်းရိုး ကာရံခြင်း လုပ်ငန်း | |
| ၃။ | ပညာရေး | ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင | စာသင်ကျောင်း ပရိဘောဂ အလုံအလောက်ရရှိရေး လုပ်ငန်း | |
| ၄။ | စိုက်ပျိုးရေး | ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် | ဒေသနှင့်ကိုက်ညီ သော မျိုးကောင်းမျိုးသန့် စပါး ရရှိရေးလုပ်ငန်း | |



Scanned by CamScanner

| ကျေးရွာအုပ်စုအမည် - ဘုရားကုန်း | | | ကျေးရွာအမည် - ဘုရားကုန်း | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၅။ | ရေပေးရေး | ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် | တူးမြောင်းတူးဖော်ခြင်း လုပ်ငန်း | |
| ၆။ | ရေပေးရေး | သန့်ရှင်းသော သောက်သုံး ရေးရရှိရေးစေရန် | အဝိစိတူးဖော်ခြင်း လုပ်ငန်း | |
| | | | | |
| | | | | |



Scanned by CamScanner

နောက်ဆက်တွဲ(၁) ဘုရားကုန်းကျေးရွာပွဲပြီးရေးကော်မတီများ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအာကာမင်း | ဦး | ၁၀/ကမရ(နိုင်) | | နာယက | ၀၉-၇၈၄၃၂၂၃၇၂ |
| ၂ | ဦးငွေး | ဦးလှကုန် | ၁၀/ကမရ(နိုင်)၀၂၂၇၀၂ | ၅၈ | ဥက္ကဋ္ဌ | ၀၉-၂၅၅၇၁၆၇၁၃ |
| ၃ | ဒေါ်နန်းသန်းသန်းစိုး | ဦးမောင်ကျော့ | ၁၀/ကမရ(နိုင်)၁၄၅၁၇၁ | ၃၀ | ဒု-ဥက္ကဋ္ဌ | ၀၉-၆၉၆၀၂၁၄၉၈ |
| ၄ | ဦးစိန်ဝင်း | ဦးလှကုန် | ၁၀/ကမရ(နိုင်) | ၄၄ | ဘဏ္ဍာရေးမှူး | ၀၉-၆၉၃၂၉၄၁၄၇ |
| ၅ | ဒေါ်နန်းအဲနော့ | ဦးချစ်လှဝင်း | ၁၀/ကမရ(နိုင်)၁၄၅၃၈၃ | ၂၄ | စာရင်းကိုင် | ၀၉-၄၅၈၁၄၈၀၀၁ |
| ၆ | ဒေါ်နော်အဲလာဦး | ဦးစောဘိုနီ | ၁၀/ပမန(နိုင်)၀၈၄၂၇၉ | ၄၅ | စာရင်းစစ် | ၀၉- |
| ၇ | ဒေါ်ခင်ရီ | ဦးမောင်ကျော့ | ၁၀/ကမရ(နိုင်) | ၅၁ | အတွင်းရေးမှူး | ၀၉- |
| ၈ | ဦးအဖလဲ | ဦးကိုင်နာ | ၁၀/ကမရ(နိုင်) | ၅၀ | ဒု-အတွင်းရေးမှူး | ၀၉- |
| ၉ | ဒေါ်သောင်းကြည် | ဦးဗိုင်းတင် | ၁၀/ကမရ(နိုင်) | ၄၁ | အဖွဲ့ဝင် | ၀၉ - |
| ၁၀ | ဒေါ်သန်းမြင့် | ဦးထွန်း | ၁၀/ကမရ(နိုင်) | ၄၁ | အဖွဲ့ဝင် | ၀၉- |
| ၁၁ | ဒေါ်သောင်းထွေး | ဦးကျော်အေး | ၁၀/ကမရ(နိုင်) | ၄၂ | အဖွဲ့ဝင် | ၀၉- |



Scanned by CamScanner

နောက်ဆက်တွဲ(၂) ဘုရားကုန်းကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၁၁ | ၂၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၉ | ၂၉ | ၅၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၃ | ၄၉ | ၁၀၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၇ | ၃၆ | ၈၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၈၉ | ၃၁၃ | ၆၀၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၇ | ၁၂ | ၁၉ |
| စုစုပေါင်း | | ၄၃၄ | ၄၅၀ | ၈၈၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၅၈ | | |

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ဘုရားကုန်းကျေးရွာတွင် အိမ်ထောင်စု (၁၅၈) စု၊ လူဦးရေ (၈၈၄) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၂၀)ဦး၊ ၅ နှစ်အောက် ကလေးအရွယ် (၅၈)ဦး ၊ မူလတန်းကျောင်းသားအရွယ် (၁၀၂)ဦး ၊ အလယ်တန်း ကျောင်းသား အရွယ် (၈၃)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၀၂)ဦး၊ သက်ကြီးရွယ်ကြီးအရွယ် (၁၉)ဦး ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေ(၂၈၂)ဦးသည် တစ်ရွာလုံးရှိ လူဦးရေ (၈၈၄)ဦး၏(၂၀%)ခန့် နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၂၈၉) ဦး၊ မ (၃၁၃) ဦး စုစုပေါင်း (၆၀၂) ဦး ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |



Scanned by CamScanner

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၅ | ၁၄၀ | - | မြင့်☐ လတ် ☑ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐လတ်☐နိမ့်☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၈ | ၅၆ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☑ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့်☐လတ ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | မြင့်☐လတ်☐နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၈ | - | မြင့်☐လတ်☑ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐ နိမ့်☐ |



Scanned by CamScanner

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | – | မြင့် ☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | – | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐ နိမ့်☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၈ | – | မြင့်☐လတ်☑ နိမ့်☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | – | မြင့်☐လတ်☑နိမ့်☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | ပြည်ပ/ကြုံရာကျပန်း |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၄၅ | ၈၄ | – | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | – | မြင့်☐လတ်☑ နိမ့် ☐ |
| | စုစုပေါင်း | ၁၅၈ | ၃၂၃ | - | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။



Scanned by CamScanner

**မှတ်ချက်။** ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု"မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ဘုရားကုန်းကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စု(၆၅)စုရှိပြီး တစ်ပိုင်တစ်နိုင်ဈေးဆိုင်များဖွင့်သည့် အိမ်ထောင်စု(၁၀)စုသာ ရှိပါသည်။ လက်သ မား၊ ပန်းရံလုပ်ကိုင်သည့် အိမ်ထောင်စု (၂)စုရှိပါသည်။ ကျေးရွာတွင် ပြည်ပထိုင်းနိုင်ငံသို့ သွားရောက် လုပ်ကိုင်သောအိမ်ထောင်စုနှင့် ကျေးရွာတွင်နေ၍ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုမှာများပြားလှပါသည်။ အခြား အသက်မွေးမှုနည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု(၁)စုသာရှိသောကြောင့် အလုပ်အကိုင် ခွင့်အလမ်း နည်းပါးသော ကြောင့် အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေများပြား ပါသည်။ ကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၂၈)စုရှိပြီးတစ်ပိုင်တစ်နိုင် မွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်ကြသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | – | – | – | – |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | - | ၁၂၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၂၀၀၀၀ | - | ၁၀၀၀၀ | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | ၇၀၀၀ | - | ၅၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | – | – | – | – |



Scanned by CamScanner

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လစာစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ဘုရားကုန်းကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ် နိုင်မှု အပေါ်တွင်မူတည်ပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် လယ်ယာကိုသာစိုက်ပျိုးကြပြီး အချို့အိမ် ထောင်စုမှာ ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ကိုင် နေ့စားအလုပ်သမားများ၏ တစ်နေ့လုပ်အားခမှာ ကျား/၇၀၀၀မ/၅၀၀၀ နှုန်း ရရှိပါသည်။ထို့ပြင် နေ့စား / ကျပန်းနှင့် ပြည်ပသို့ သွားရောက် လုပ်ကိုင်စားသောက်သောအိမ်ထောင်စုမှာ ကျေးရွာအိမ်ထောင်စု၏ ထက်ဝက်ခန့် ရှိပါသည်။ ဘုရားကုန်း ကျေးရွာ တွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် နေ့စား/ကျပန်း လုပ်ကိုင်စားသောက်သော အိမ်ထောင်စု အနည်းငယ် စားဝတ်နေရေး အခက်အခဲရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၄၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၆၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၆၀၅ | ☒ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ဘုရားကုန်းကျေးရွာတွင် လယ်မြေ (၃၄၀) ဧကနှင့် ဥယျာဉ်ခြံမြေ (၂၆၅) ဧကရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဘုရားကုန်းကျေးရွာ တွင် ဥယျာဉ်ခြံမြေများတွင် ရော်ဘာပင်နှင့် အခြားရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။ ဘုရားကုန်း ကျေးရွာတွင် အိမ်ခြံမြေများတွင် တစ်နိုင်တစ်ပိုင် ကြက်မောက်ပင်၊ ကျွဲကောပင်၊ ပိန္နဲပင်၊ မင်းဂွတ်ပင် စသည့် အပင်များ စိုက်ပျိုးကြသည်ကိုလေ့လာ တွေ့ရှိရပါသည်။



Scanned by CamScanner

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျောက်၊ သဲ၊ ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင် တွင်မရှိသော်လည်း အဝေးဆုံးမော်လမြိုင်မြို့ပေါ်နှင့် အနီးဆုံးမုဒုံမြို့မှ အလွယ်တကူဝယ်ယူရရှိ အသုံးချနိုင်ပါသည်။ ဘုရားကုန်းကျေးရွာတွင် ဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရှားပါးပါသည်။ကျေးရွာတွင် ဆောင်းရာသီနှင့် မိုးဦးကျတွင် နွားစာမြက်ပင်ပေါများပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၈ဧက | ၄ဧက | ၂ဧက | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် | ပျဉ်ထောင်/သွပ်မိုး | ဝါးခရံ/သွပ်မိုး | ဝါးခရံ/ဖက်မိုး |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ကား | သုံးဘီးဆိုင်ကယ်/ ဘောတွဲယာဉ် | ဆိုင်ကယ် | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | ရာဘာ/လယ် | ဈေးရောင်း | ဈေးဆိုင်/Taxi | နေ့စား/ကျပန်း |
| အိမ်ထောင်စု | ၆၁ | ၇၀ | ၂၀ | ၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဘုရားကုန်းကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၆၁)စုခန့် သာရှိပြီး အဓိက အနေဖြင့် ပြည်ပထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သော အိမ်ထောင်စုများသာဖြစ်ပါသည်။ ဘုရားကုန်းကျေးရွာတွင် အလယ်အလတ်ရှိသော အိမ်ထောင်စု(၇၀)စုခန့်သည် ကိုယ်ပိုင်လယ်ယာ



Scanned by CamScanner

နိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း များကို အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် မပြေလည်သော အိမ်ထောင်စုများသည် ဈေးဆိုင်နှင့်ဆိုင်ကယ်Taxiများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု(၇)စုသည် နေ့စားကျပန်းများဖြစ်ပြီးစသည့် ရာသီလိုက်ကြုံရာ ကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။

(င) ထိနိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဘုရားကုန်းကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိနိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိနိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | – | - | – |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၂ | - | ၂ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၃ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၃၀ | | |



Scanned by CamScanner

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဘုရားကုန်းကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များမရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသော ကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။ဘုရားကုန်းကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေ များသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၅)စုနှင့် မိသားစု/ရပ်ရွာ၏စောင့် ရှောက်မှုမရှိသော မသန်စွမ်း သည့် ပုဂ္ဂိုလ်(၂)ဦးရှိပြီး နီးစပ်ရာဆွေမျိုးများနှင့် ကျေးရွာအတွင်းရှိရပ်မိရပ်ဖ များက ဝိုင်းဝန်း ကူညီကြ သည်ကို လေ့လာတွေ့ရှိရပါသည်။ထိုအပြင် ကျေးရွာတွင် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု(၃၀)စု ခန့်ရှိပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
